# အခန်း ၄

# တစ်ဦးချင်း ပြစ်မှုဆိုင်ရာ တာဝန်ရှိမှု

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ

အပိုင်း ၃ - နိုင်ငံတကာ ဥပဒေပါ လိုင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

စာမျက်နှာ ၄၀ - ၆၃


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# သင်တန်းရည်ရွယ်ချက်များ

လိင်အကြမ်းဖက်မှုသည် နိုင်ငံတကာ ပြစ်မှုတစ်ခုအဖြစ် ပါဝင်နိုင်ကြောင်း ရှင်းပြခြင်း

တာဝန်ခံမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက်သက်သေပြရန် လိုအပ် သည့် ကွဲပြားသော ဥပဒေ အင်္ဂါရပ်များကို ဖော်ထုတ် သတ်မှတ်ခြင်း။

သက်သေခံဆိုင်ရာ ကွာဟမှုများကို ရှောင်ရှားနိုင်ရန် သက်သေ အထောက်အထား ဆိုင်ရာ လက်စွဲစာအုပ်ကို တိုက်ဆိုင် စစ်ဆေးရန် စာရင်းတစ်ခုအဖြစ် အသုံးချခြင်း။




© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# နိုင်ငံတကာ ပြစ်မှုဟူသည် အဘယ်နည်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၁-၄၅

- အကြမ်းဖက်မှု အများစုမှာ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေအောက်တွင် ပြစ်မှုမြောက်သည်။ လူသတ်မှု၊ မုဒိမ်းမှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ ခိုးမှု အစရှိသည်တို့ ဖြစ်သည်။ အချို့သော အခြေအနေများတွင် အချို့သော လုပ်ရပ်များမှာ နိုင်ငံတကာ ပြစ်မှုဥပဒေကို ချိုးဖောက်ခြင်းကြောင့် နိုင်ငံတကာ ပြစ်မှုမြောက်သည်။
- အများအားဖြင့် နိုင်ငံတကာဥပဒေသည် နိုင်ငံများကိုသာ သက်ရောက်သော်လည်း နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ တစ်စိတ်တစ်ပိုင်း အပါအဝင် နိုင်ငံတကာ ပြစ်မှု ဥပဒေအောက်တွင် တစ်ဦးချင်း ပြစ်မှုဆိုင်ရာ တာဝန်ရှိမှု သက်ဆိုင် ပါဝင်ပါသည်။ (တစ်ချိန်တည်းမှာတွင် နိုင်ငံမှ တာဝန်ရှိမှုလည်း ဖြစ်နိုင်ပါသည်။)
- နိုင်ငံတကာပြစ်မှု အမျိုးအစား အဓိကသုံးမျိုးရှိသည်။

စစ်ရာဇဝတ်မှုများ

လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှုများ

လူမျိုးတုန်း သတ်ဖြတ်ခြင်း



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# မည်သို့သော လုပ်ရပ်မှာ နိုင်ငံတကာ ပြစ်မှု မြောက်စေသနည်း ။

နိုင်ငံတကာ ပြစ်မှုဥပဒေ၏ ရင်းမြစ်များတွင် အောက်ဖော်ပြပါများ ပါဝင်ပါသည်။

▪ နိုင်ငံတကာ သဘောတူ စာချုပ်များ(ဥပမာ - ရောမ သဘောတူစာချုပ်) ▪ ဓလေ့ ထုံးတမ်း ဥပဒေ ▪ ဥပဒေရေးရာ စနစ်

- မတူညီသော တရားစီရင်ပိုင်ခွင့်များတွင် နိုင်ငံတကာပြစ်မှုများကို မတူညီသော အဓိပ္ပါယ်ဖွင့်ဆို ချက်များ ရှိနိုင်ပါသည်။ သင်၏နောက်ခံဆက်စပ်အခြေအနေပေါ် သက်ရောက်မှုရှိသော ဥပဒေကို ရှာဖွေရန် လိုအပ်ပါသည်။
- ယေဘုယျအားဖြင့် လူတစ်ဦးချင်းကို နိုင်ငံတကာ ပြစ်မှုမြောက်သည်ဟု သတ်မှတ်တာဝန်ခံ နိုင်စေရန်အတွက် ဥပဒေအင်္ဂါရပ် အမျိုးအစားသုံးမျိုးကို သက်သေပြရန် လိုအပ်ပါသည်။

**အထူးအင်္ဂါရပ်များ**
ဘာဖြစ်ပွားခဲ့သနည်း။

+

**ယေဘုယျ အင်္ဂါရပ်များ**
နောက်ခံဆက်စပ်
အကြောင်းအရာမှာ
အဘယ်နည်း။

+

**ဆက်စပ်အင်္ဂါရပ်များ**
မည်သူမှတာဝန်ရှိ
သနည်း၊ မည်သို့ တာဝန်ရှိ
သနည်း။

**သက်ရောက်မှုဆိုင်ရာ သက်သေ**
ကျူးလွန်ခံရသူအတွက် နောက်ဆက်တွဲ အကျိုးဆက်များမှာ အဘယ်နည်း။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# က. အရင်းခံအောက်ခြေပြစ်မှုများ၏ သီးသန့် အင်္ဂါရပ်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၅-၄၈၊ သက်သေဆိုင်ရာရာ လက်စွဲ နောက်ဆက်တွဲ ၁
အခန်း ၆ - ကျေလည်အောင် ပြန်လည်ဆောင်ရွက်ခြင်း နှင့် အခန်း ၁၀ - လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေအမျိုးစားများ၊
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ - ထပ်လောင်း/နောက်တိုး သတင်းအချက်အလက်များ ကောက်ခံခြင်း

## လိင်အကြမ်းဖက်မှုဆိုင်ရာ သက်သေသည် အမြဲသက်ဆိုင်မှု ရှိသည်။

- သီးခြား လိင်ကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုများနှင့် လိင်အကြမ်းဖက်မှုကို အသုံးပြု၍ သို့ ၎င်းပါဝင်ပတ်သက်သည့် အခြားသော နိုင်ငံတကာ ပြစ်မှုများကို သက်သေပြရာတွင် အသုံးဝင် သည်။
- ကျူးလွန်ခံရသူများ/ မျက်မြင်သက်သေများတွင် လိင်အကြမ်းဖက်မှုနှင့် အခြားသော ပြစ်မှုများ အတွက် သက်သေများ ရှိနိုင်သည်။ အချို့သော အချက်အလက်များသည် သီးခြားပြစ်မှု တစ်ခုထက်ပို၍ သက်ဆိုင်မှု ရှိနိုင်သည်။
- သက်သေပြရန်လိုအပ်သည့် ဥပဒေအင်္ဂါရပ်များကို နားလည်သဘောပေါက်ပါက သင့် အနေဖြင့် အသက်ဆိုင်ဆုံးသော သက်သေအထောက်အထားများကို ကောက်ယူနိုင် မည်ဖြစ်သည်။

**လိင်အကြမ်းဖက်မှုကို တစ်ခုတည်းသီးသန့် မှတ်တမ်းတင်၍ မရနိုင်ပါ။**


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# က. အရင်းခံအောက်ခြေပြစ်မှုများ၏ သီးသန့်အင်္ဂါရပ်များ
# - စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ပြစ်မှုများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၅-၄၈၊
သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁

| လိင်အကြမ်းဖက်မှုဆိုင်ရာ သီးသန့်ပြစ်မှုများ | အခြားသက်ဆိုင်ရာ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှုများ (CAH) |
|---|---|
| မုဒိမ်းမှု | လူသတ်မှု |
| လိင်ကျေးကျွန်ပြုခြင်း | ညှဉ်းပန်းနှိပ်စက်ခြင်း |
| အတင်းအကြပ် ကိုယ်ဝန်ဆောင်စေခြင်း | ကလေးစစ်သား အသုံးပြုခြင်း (စစ်ရာဇဝတ်မှု သီးသန့်) |
| အတင်းအကြပ် ပြည့်တန်ဆာလုပ်ခိုင်းခြင်း | ဆေးဖက်ဆိုင်ရာ စမ်းသပ်ချက်များ ဆောင်ရွက်ခြင်း (စစ်ရာဇဝတ်မှု သီးသန့်) |
| အတင်းအကြပ် မြုံစေခြင်း | မျိုးတုန်းသတ်ဖြတ်ခြင်း (CAH သီးသန့်) |
| အခြားလိင်အကြမ်းဖက်မှု ပုံစံများ | နှိပ်ကွပ်ခြင်း (CAH သီးသန့်) |



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# က. အရင်းခံအောက်ခြေပြစ်မှုများ၏ သီးသန့် အင်္ဂါရပ်များ - လူမျိုးတုန်း သတ်ဖြတ်ခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၅-၄၈၊
သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁

## လူမျိုးတုန်းသတ်ဖြတ်ခြင်းဆိုင်ရာ သီးသန့်လုပ်ဆောင်ချက်များ

- အုပ်စုဝင်များကို သတ်ဖြတ်ခြင်း။ (ဥပမာ - မုဒိမ်းကျင့်ပြီးနောက် သတ်ဖြတ်ခြင်း)
- အုပ်စုဝင်များကို ပြင်းထန်သော ခန္ဓာကိုယ် သို့ စိတ်ကို ထိခိုက်မှု ဖြစ်စေခြင်း (ဥပမာ - မုဒိမ်းကျင့်ခြင်း)
- အုပ်စုကို ဖျက်ဆီးရန် တွက်ချက်ထားသော သက်ရှင်နေထိုင်မှု အခြေအနေများကို ဖြစ်စေခြင်း
- အုပ်စုအတွင်း ကလေးမွေးဖွားမှုကို ဟန့်တားရန် ရည်ရွယ်သော လုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်း (ဥပမာ - မြုံစေခြင်း)
- အုပ်စုအတွင်းရှိ ကလေးသူငယ်များကို အခြားအုပ်စုသို့ အတင်းအကြပ် ရွှေ့ပြောင်းစေခြင်း



နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# က. အရင်းခံအောက်ခြေပြစ်မှုများ၏ သီးသန့် အင်္ဂါရပ်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၅-၄၈၊ သက်သေဆိုင်ရာရာ လက်စွဲ နောက်ဆက်တွဲ ၁
အခန်း ၆ - ကျေလည်အောင် ပြန်လည်ဆောင်ရွက်ခြင်း နှင့် အခန်း ၁၀ - လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေအမျိုးစားများ၊
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ - ထပ်လောင်း/နောက်တိုး သတင်းအချက်အလက်များ ကောက်ခံခြင်း

- ညှဉ်းပန်းနှိပ်စက်ခြင်းမှာ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှု ဖြစ်သော်လည်း နိုင်ငံ၏ ပြစ်မှုဆိုင်ရာ ဥပဒေအရ ညှဉ်းပန်းနှိပ်စက်ခြင်းကို သီးခြား သီးသန့်ရပ်တည်သော ပြစ်မှုအဖြစ် ညွှန်းဆိုလေ့ ရှိနိုင်သည်။
- အတင်းအကြပ် အစဖျောက်ခြင်းမှာ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှု ဖြစ်သော်လည်းနိုင်ငံ၏ ပြစ်မှုဆိုင်ရာ ဥပဒေအရ (အထူးသဖြင့် လက်တင်အမေရိက နိုင်ငံများတွင်) သီးခြား သီးသန့်ရပ်တည်သော ပြစ်မှုအဖြစ် ညွှန်းဆိုလေ့ ရှိနိုင်သည်။
- နိုင်ငံတကာဥပဒေအရ မုဒိမ်းကျင့်ခြင်းမှာ ကျူးလွန်ခံရသူအနေဖြင့် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြင့်ဖြစ်စေ (သို့) အရာဝတ္ထုတစ်ခု ဖြင့်ဖြစ်စေ ထိုးသွင်းဆက်ဆံခြင်း ပြုလုပ်ခဲ့လျှင် ၎င်းကို ပြစ်မှုအဖြစ် သတ်မှတ်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# က. အရင်းခံအောက်ခြေပြစ်မှုများ၏ သီးသန့် အင်္ဂါရပ်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၅-၄၈၊ သက်သေဆိုင်ရာရာ လက်စွဲ နောက်ဆက်တွဲ ၁
အခန်း ၆ - ကျေလည်အောင် ပြန်လည်ဆောင်ရွက်ခြင်း နှင့် အခန်း ၁၀ - လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေအမျိုးစားများ၊
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ - ထပ်လောင်း/နောက်တိုး သတင်းအချက်အလက်များ ကောက်ခံခြင်း

- အချို့သော တရားစီရင်ပိုင်ခွင့်များတွင် ၎င်းတို့၏ နိုင်ငံဥပဒေများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ အဆင့်မမြှင့်တင်ရသေးပဲ မတူညီသော ပြဋ္ဌာန်းချက်များ ကြောင့် ပြစ်မှုဆိုင်ရာ အပ်စပ်မှုရှိခြင်းတွင် ကန့်သတ်ချက် ရှိနိုင်သည်။
- "အခြားသော လိင်အကြမ်းဖက်မှု ပုံစံများ" ဆိုင်ရာ ပြစ်မှုတွင် တစ်စုံတစ်ယောက်ကို လိင်အကြမ်းဖက်မှု ကျူးလွန်ရန် ဖိအားပေးမှု ပါဝင်နိုင်သည်။

**လုပ်ငန်းစဉ်နှင့် သက်သေအထောက်အထား**တို့နှင့် သက်ဆိုင်သော ဥပဒေများ အပါအဝင် သင့်အလုပ်နှင့် သက်ဆိုင်သော ဥပဒေများကို နားလည်ရန် သေချာစွာဆောင်ရွက်ပါ။




*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ခ. ပြစ်မှုအမျိုးအစားများဆိုင်ရာ ယေဘုယျ အင်္ဂါရပ်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၈-၅၃၊ သက်သေဆိုင်ရာရာ လက်စွဲ နောက်ဆက်တွဲ ၁
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်ခြင်း နှင့် အခန်း ၁၀ - လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေအမျိုးစားများ၊
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ - ထပ်လောင်း/နောက်တိုး သတင်းအချက်အလက်များ ကောက်ခံခြင်း

- နိုင်ငံတကာပြစ်မှု အဆင့်သို့ ရောက်ရှိရန်အတွက် လုပ်ရပ်တစ်ခု၏ နောက်ခံအခြေအနေများမှာ ပြင်းထန်အရေးပါမှု အဆင့်သတ်မှတ်ချက်၏ အနိမ့်ဆုံး အတိုင်းအတာ သတ်မှတ်ချက်ကို ရောက်ရှိရန် လိုသည်။
- နိုင်ငံတကာပြစ်မှု အမျိုးအစား သုံးမျိုးဖြစ်သော စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှုများ နှင့် လူမျိုးတုန်းသတ်ဖြတ်ခြင်း တစ်ခုချင်းစီအတွက် သက်သေ ပြရန်လိုအပ်သော ယေဘုယျအင်္ဂါရပ်များ (သို့ နိုင်ငံတကာဥပဒေပါ အပိုဒ်/ နောက်ခံဆက်စပ် အင်္ဂါရပ်များ) ရှိပါသည်။

**နိုင်ငံတကာ ပြစ်မှုတစ်ခုအဖြစ် အဆင့်သတ်မှတ်**နိုင်ရန်အတွက်
အဆိုပါလုပ်ရပ်ဖြစ်ပွားခဲ့သည့် အခြေအနေများဆိုင်ရာ **အချို့သော အချက်များကို သက်သေထူရန်** လိုအပ်သည်။



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ခ. ယေဘုယျ အင်္ဂါရပ်များ - လိင်အကြမ်းဖက်မှုကို စစ်ရာဇဝတ်မှုအဖြစ်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၈-၅၀
သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁

လိင်အကြမ်းဖက်မှု ကျူးလွန်သည့် လုပ်ရပ်မှာ အောက်ဖော်ပြပါ အခြေအနေတိုင်း ဖြစ်ပွားခဲ့ကြောင်း သက်သေပြရန် လိုအပ်သည်။

**နောက်ခံအခြေအနေနှင့်အညီ** နှင့် **ဆက်စပ်မှု ရှိခြင်း**

**လက်နက်ကိုင် ပဋိပက္ခတစ်ခု (နိုင်ငံတကာ သို့မဟုတ် ပြည်တွင်း)**

တိုက်ရိုက်ကျူးလွန်သူမှာ

**လက်နက်ကိုင်ပဋိပက္ခရှိနေကြောင်း သိရှိထားသည်။**



နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ. ယေဘုယျ အင်္ဂါရပ်များ - လိင်အကြမ်းဖက်မှုကို စစ်ရာဇဝတ်မှုအဖြစ်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၈-၅၀၊ သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁ အခန်း ၁၀ - လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေအမျိုးစားများ

- လိင်အကြမ်းဖက်မှုသည် နိုင်ငံတကာနှင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခ နှစ်ခု စလုံးတွင် စစ်ရာဇဝတ်မှု မြောက်သည်။ (မတူညီသော ဥပဒေမူဘောင်များ တွင် အဆိုပါ လက်နက်ကိုင် ပဋိပက္ခနှစ်မျိုးစလုံးကို ကွဲပြားစွာ အဓိပ္ပါယ် ဖွင့်ဆိုနိုင်သည်။)
- အခြားသော စစ်ရာဇဝတ်မှုများနှင့်မတူပဲ လိင်အကြမ်းဖက်မှု ကျူးလွန်ခြင်းခံရသူမှာ အရပ်သား သို့ အခြား အကာအကွယ်ပေးခြင်းခံထားရသူ ဖြစ်ကြောင်း သက်သေပြရန် မလိုပါ။ (သို့သော် အဆိုပါကိစ္စရပ်ဖြစ်ပွားရာ ဒေသရှိ တရားစီရင်ပိုင်ခွင့်နှင့် အတည် ပြုချက်ရယူပါ)
- အဓိကရုဏ်းများ၊ လူထုအုံကြွမှုများနှင့် ထိန်းချုပ်ရေး ဆောင်ရွက်ချက်များတို့မှာ ယေဘုယျအားဖြင့် လက်နက်ကိုင် ပဋိပက္ခတစ်ခုအဖြစ် မသတ်မှတ်နိုင်ပါ။
- စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ပြစ်မှုများမှာ မကြာခဏ တစ်ခုနှင့်တစ်ခု ထပ်နေသော နေရာများရှိပါသည်။ တူညီသော လုပ်ရပ်တစ်ခုမှာ တစ်ခါတစ်ရံတွင် အမျိုးစားနှစ်ခုလုံးအတွက် ဥပဒေအင်္ဂါရပ်များ ကိုက်ညီနေနိုင်ပါသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ၁. ယေဘုယျ အင်္ဂါရပ်များ - လိင်အကြမ်းဖက်မှုကို လူသား မျိုးနွယ်စုအပေါ် ကျူးလွန်သော ပြစ်မှုအဖြစ်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၉ နှင့် ၅၁
သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁

လိင်အကြမ်းဖက်မှုမှာ အောက်ဖော်ပြပါတို့၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သက်သေပြရမည်။

**ပျံ့နှံ့၍** သို့ **စနစ်တကျ**

**အရပ်သားများအပေါ် ဦးတည်တိုက်ခိုက်ခြင်း**

တိုက်ရိုက်ကျူးလွန်သူအနေဖြင့် **သိရှိခဲ့သည်** သို့ **ရည်ရွယ်ခဲ့သည်**

အဆိုပါ လိင်အကြမ်းဖက်မှုမှာ **တိုက်ခိုက်မှု၏ အစိတ်အပိုင်းအဖြစ်**


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ၁. ယေဘုယျ အင်္ဂါရပ်များ - လိင်အကြမ်းဖက်မှုကို လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ပြစ်မှုအဖြစ်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၈-၅၀၊ သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁
အခန်း ၁၀ - လိင်အကြမ်းဖက်မှုဆိုင်ရာ သက်သေအမျိုးအစားများ

- လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှုမှာ စစ်ပွဲကာလ (သို့) ငြိမ်းချမ်းသောကာလတွင် ဖြစ်ပွားနိုင်သည်။ အရပ်သားများကို ဦးတည်ကျူးလွန်သည့် တိုက်ခိုက်မှု၏ အစိတ်အပိုင်းအဖြစ် ကျူးလွန်ခဲ့ခြင်းဖြစ်ပါက အဆိုပါ ကျူးလွန်မှုအဖြစ် သတ်မှတ်နိုင်သည်။ (အချို့သော တရားစီရင်ရေး စနစ်များတွင် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွား နေရန် လိုအပ်နိုင်သည်)
- ပျံ့နှံ့စွာဖြစ်ခြင်း သို့ စနစ်တကျ တိုက်ခိုက်ခြင်း မျိုးဖြစ်ရန်သာလိုအပ်ပြီး တိုက်ခိုက်မှုမှာစစ်တပ် သို့ လက်နက်ကိုင်များမှ ကျူးလွန်ခြင်း ဖြစ်ရန် မလိုပါ။ အချို့သော တရားစီရင်ပိုင်ခွင့်များ (ICCနိုင်ငံတကာ ရာဇဝတ်မှုတရားရုံး အပါအဝင်) တွင် တိုက်ခိုက်မှုကျူးလွန်ရန် နိုင်ငံအဆင့် သို့ အဖွဲ့အစည်းဆိုင်ရာ မူဝါဒ ပါဝင်ကြောင်း သက်သပြနိုင်ရန် လိုအပ်သည်။
- တိုက်ခိုက်မှုကိုသာ ပျံ့နှံ့စွာဖြစ်ပွားခြင်း သို့ စနစ်တကျ ဖြစ်ခြင်း ဖြစ်ကြောင်းသက်သေပြရန်လိုပြီး လိင်အကြမ်းဖက်မှုမှာ တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်း ပြသရန် လိုပါသည်။ သို့ရာတွင် ပမာဏကြီးမားသော လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေမှာ တိုက်ခိုက်မှုကို သက်သေပြနိုင်ရန် အထောက်အကူ ဖြစ်စေနိုင်သည်။

**မုဒိမ်းမှု ကျူးလွန်ခြင်း တစ်ခုမှာ လူသားမျိုးနွယ်စုပေါ် ကျူးလွန်သော ပြစ်မှု ဖြစ်နိုင်သည်။**



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ခ. ယေဘုယျ အင်္ဂါရပ်များ - လိင်အကြမ်းဖက်မှုကို လူမျိုးတုန်းသတ်ဖြတ်မှုအဖြစ်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၉၊ ၅၂ - ၅၃
သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁

လိင်အကြမ်းဖက်မှုကို အောက်ဖော်ပြပါ ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခဲ့ကြောင်း သက်သေပြနိုင်ရမည်။

**ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့်**

**တစ်ခုလုံး (သို့) တစ်စိတ်တစ်ပိုင်း**

**နိုင်ငံ၊ တိုင်းရင်းသား၊ မျိုးနွယ်စု သို့မဟုတ် ဘာသာရေးအုပ်စု တစ်ခုခု**

ဖော်ပြပါကဲ့သို့




© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ. ယေဘုယျ အင်္ဂါရပ်များ - လိင်အကြမ်းဖက်မှုကို လူမျိုးတုန်း သတ်ဖြတ်မှုအဖြစ်

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၄၉၊ ၅၂-၅၃၊ သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်ခြင်း နှင့် အခန်း ၁၀ - လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေအမျိုးစားများ

**လူမျိုးတုန်း သတ်ဖြတ်ခြင်းဆိုသည်မှာ အုပ်စုတစ်စုအပေါ် ကျူးလွန်သော ပြစ်မှု ဖြစ်သည်။**

- လူမျိုးတုန်းသတ်ဖြတ်ခြင်းဆိုသည်မှာ လူအစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း တစ်မျိုးကိုသာ ဆိုလိုခြင်း မဟုတ်ပါ။ အထူးသဖြင့် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဖြစ်ပွားစေနိုင်သောကြောင့် လိင်အကြမ်းဖက်မှုမှာ လူမျိုးတုန်း သတ်ဖြတ်ခြင်းဆိုင်ရာ များစွာသော အရင်းခံ အကြောင်းအရာများထဲမှ တစ်ခု ဖြစ်နိုင်ပါသည်။
- လူမျိုးတုန်း သတ်ဖြတ်ခြင်းမှာ သက်သေပြရန် လွယ်ကူသော ပြစ်မှု မဟုတ်ပါ။ အဆိုပါအုပ်စုကို ရုပ်ပိုင်းဆိုင်ရာအရ ဖျက်ဆီးပစ်ရန် သီးသန့်ဖြစ်သော ရည်ရွယ်ချက်ကို အတည်ပြုနိုင်သော သက်သေကို ရှာဖွေရန် ခက်ခဲပါသည်။
- နိုင်ငံ၊ တိုင်းရင်းသား၊ မျိုးနွယ်စု သို့ ဘာသာရေးဆိုင်ရာ အုပ်စုများကိုသာ နိုင်ငံတကာ ဥပဒေအောက်တွင် လူမျိုးတုန်း သတ်ဖြတ်မှု အဖြစ် လက်ခံထားပြီး ကျား/မ gender သို့မဟုတ် နိုင်ငံရေးအမြင်မတူသူများကဲ့သို့သော ခွဲခြား ဆက်ဆံခံရသော အုပ်စုဝင်များကို ပစ်မှတ်ထားခြင်း မှာလည်း နှိပ်ကွပ်ခြင်းဆိုင်ရာ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှုအဖြစ် သတ်မှတ်နိုင်ပါသည်။




*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ဂ. ပြစ်မှုများဆိုင်ရာ ဆက်စပ် အင်္ဂါရပ်များ သို့မဟုတ် တာဝန်ရှိမှု ပုံစံများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၅၃-၅၅၊ သက်သေဆိုင်ရာလက်စွဲ နောက်ဆက်တွဲ ၁
အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း နှင့် အခန်း ၁၀ - လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေအမျိုးစားများ၊
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၂ - ထပ်လောင်း/နောက်တိုး သတင်းအချက်အလက်များ ကောက်ခံခြင်း

- တာဝန်ရှိမှုပုံစံများဆိုသည်မှာ ပြစ်မှုတစ်ခုအပေါ် မတူညီသော ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိမှု ပုံစံများကို ရည်ညွှန်းသော ဥပဒေအသုံးအနှုန်းတစ်ခု ဖြစ်ပါသည်။

- နိုင်ငံတကာ ဥပဒေအရ လိင်အကြမ်းဖက်မှုကို တိုက်ရိုက်ကျူးလွန်သူသာမက ၎င်းကို ခွင့်ပြုသူ၊ အားပေးသူသို့ ကျူးလွန်ရန် အခြားတစ်နေရာမှ လှုံ့ဆော်ရှောင်ရှားကျင့်သူများ အားလုံးကို တာဝန်ရှိကြောင်း သတ်မှတ်နိုင်သည်။

- သင်နေထိုင်ရာဒေသ၏ တရားစီရင်ပိုင်ခွင့်တွင် မည်သို့သော ပြစ်မှုဆိုင်ရာ တာဝန်ရှိမှု ပုံစံမျိုးများ ရှိသည်ဖြစ်စေ ပြစ်မှုအတွက် တာဝန်ရှိသူနှင့် ဆက်စပ်မှုကို သက်သေပြ နိုင်ရန်အတွက် သတင်းအချက်အလက်ကို တိတိကျကျမှတ်တမ်းတင်ရန်မှာ အလွန် အရေးကြီးပါသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ၈. ပြစ်မှုများဆိုင်ရာ ဆက်စပ် အင်္ဂါရပ်များ သို့မဟုတ် တာဝန်ရှိမှု ပုံစံများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၅၃-၅၅၊ သက်သေအထောက်အထားဆိုင်ရာ လက်စွဲ နောက်ဆက်တွဲ ၁

အောက်ဖော်ပြပါများမှာ ICC နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးမှ အသုံးပြုသော အဓိက တာဝန်ရှိမှုပုံစံများဖြစ်သည်။ သင်၏ တရားစီရင်ပိုင်ခွင့် နယ်ပယ်တွင် အခြား ပုံစံများလည်း ပါဝင်နိုင်ပါသည်။ သံသယရှိသူမှ အောက်ဖော်ပြပါများကို ဆောင်ရွက်ခဲ့သည်ကို သက်သေပြနိုင်ရန် အတွက် လုံလောက်သော သတင်းအချက်အလက်ကို စုစည်းရမည်ဖြစ်သည်။

| | |
|---|---|
| **ပူးပေါင်းကျူးလွန်ခြင်း** | • နိုင်ငံတကာ ပြစ်မှုများကျူးလွန်ရန် **လူတစ်စုနှင့်အတူ ဘုံအစီအစဉ်** ရေးဆွဲခြင်း |
| **ဘုံရည်ရွယ်ချက်** | • **ဘုံရည်ရွယ်ချက်ဖြင့်** လုပ်ဆောင်နေသော **လူတစ်စုမှ** ကျူးလွန်သော ပြစ်မှုကို ပံ့ပိုးပေးခြင်း |
| **သွယ်ဝိုက်ကျူးလွန်ခြင်း** | • ပြစ်မှု/ ကျူးလွန်သူအပေါ် **ထိန်းချုပ်မှု** ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်ရန် **ရည်ရွယ်ခဲ့ခြင်း** |
| **အမိန့်ပေးခြင်း** | • **အမိန့်ပေးရန် အာဏာရှိပြီး ထိုအမိန့်အတိုင်း လုပ်ဆောင်ကြမည်ဟု မျှော်လင့်ခြင်း** |




*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ဂ. ပြစ်မှုများဆိုင်ရာ ဆက်စပ် အင်္ဂါရပ်များ သို့မဟုတ် တာဝန်ရှိမှု ပုံစံများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၅၃-၅၅၊ သက်သေအထောက်အထားဆိုင်ရာ လက်စွဲ နောက်ဆက်တွဲ ၁

အောက်ဖော်ပြပါများမှာ ICCမှ အသုံးပြုသော အဓိက တာဝန်ရှိမှုပုံစံများဖြစ်သည်။ သင်၏ တရားစီရင်ပိုင်ခွင့် နယ်ပယ်တွင် အခြား ပုံစံများလည်း ပါဝင်နိုင်ပါသည်။ သံသယရှိသူမှ အောက်ဖော်ပြပါများကို ဆောင်ရွက်ခဲ့သည့်ကို သက်သေပြနိုင်ရန် အတွက် လုံလောက်သော သတင်းအချက်အလက်ကို စုစည်းရမည်ဖြစ်သည်။

| | |
|---|---|
| လှုံ့ဆော်/ဖြားယောင်းခြင်း | • တိုက်ရိုက်ကျူးလွန်သူကို ပြစ်မှုကျူးလွန်ရန် **အားပေးခြင်း/ မက်လုံးပေးခြင်း/ စည်းရုံးခြင်း**။ |
| အားပေးခြင်း နှင့် ကူညီခြင်း | • တိုက်ရိုက်ကျူးလွန်သူကို **လက်တွေ့အကူအညီ/ စိတ်ပိုင်းဆိုင်ရာ အကူအညီ** ပေးခြင်း |
| အထက်အရာရှိ (သို့) အာဏာရှိသောအဆင့် တာဝန်ရှိမှု | • **ထိရောက်သော ထိန်းချုပ်နိုင်စွမ်းရှိခြင်း၊** လိုင်အကြမ်း ဖက်မှု အကြောင်းကို **သိရှိခဲ့ သို့ သိရှိခဲ့သင့်ခြင်း** နှင့် **တား ဆီးရန်သို့ အပြစ်ပေးရန် ပျက်ကွက်ခြင်း**။ (ဥပဒေပါ တိကျသော အချက်များကို စစ်ဆေးရန်) |



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# လုပ်ငန်းစဉ်နှင့် သက်သေဆိုင်ရာ စည်းမျဉ်းများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၅၉-၆၃၊ အခန်း ၇ - ထိခိုက်မှု မရှိအောင် ဆောင်ရွက်ခြင်း၊
အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း နှင့် အခန်း ၁၀ - လိင်အကြမ်းဖက်မှု ဆိုင်ရာ သက်သေ အထောက်အထားအမျိုးစားများ၊
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း နှင့် အခန်း ၁၅ - စိတ်ဒဏ်ရာ

- တရားစီရင်ပိုင်ခွင့်တစ်ခုချင်းစီနှင့် တရားရုံး တစ်ခုချင်းစီတွင် မတူညီသော လုပ်ငန်းစဉ်/လုပ်ထုံး လုပ်နည်းနှင့် သက်သေဆိုင်ရာ စည်းမျည်းများ (RPE) ရှိသည်။
- နိုင်ငံတကာ ပြစ်မှုဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များမှာ ကျူးလွန်ခံရသူကို သက်ဆိုင်မှု မရှိသော၊ အလွန်အမင်း ရန်လိုကြမ်းတမ်းသောနှင့် အရှက်ခွဲခြင်းနည်းလမ်းမျိုးများဖြင့် စစ်မေး ခြင်းမှ ကာကွယ်ရန် RPEကို ရေးဆွဲထားပြီး ဖြစ်သည်။ ၎င်းတို့မှာ အောက်ဖော်ပြပါ ကိစ္စရပ် များကို ညွှန်းဆိုဆောင်ရွက်ပါသည်။

| | | |
|---|---|---|
| သဘောတူညီချက် | သက်သေအထောက်အထား အတည်ပြုခြင်း | မတိုင်ခင်/ နောက်ဆက်တွဲ လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှု |



နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# လုပ်ငန်းစဉ်/လုပ်ထုံး လုပ်နည်းနှင့် သက်သေအထောက်အထားဆိုင်ရာ စည်းမျဉ်းများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၅၉-၆၃

ဖော်ပြပါများမှာ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များ (ICP)မှ ရေးဆွဲထားသော RPEများ ဖြစ်သည်။ သင်၏ ကိုယ်ပိုင် တရားစီရင်ပိုင်ခွင့် နယ်ပယ်တွင် အခြားအချက်များလည်း ပါဝင်နိုင်သည်။

**သဘောတူညီချက်**

- ICP အရ **နိုင်ထက်စီးနင်း ပြုခံရသော အခြေအနေများ** ရှိနေသောကြောင့် စစ်မှန်သော သဘောတူညီချက်ကို အချည်းအနှီးသာဖြစ်စေသည်။ ဆန့်ကျင်ခုခံခဲ့ကြောင်း သက်သေပြရန်မလိုပါ။

**သက်သေ အတည်ပြုခြင်း**

- ICPအရ **ကျူးလွန်ခံရသူ၏ ကိုယ်ပိုင်ထွက်ဆိုချက်မှာ** လိင်အကြမ်းဖက်မှု သက်သက်ဖြစ် **လုံလောက်နိုင်သည်**။

**မတိုင်ခင်/ နောက်ဆက်တွဲ လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှု**

- ICC RPE အရ ဖြစ်ရပ်မတိုင်(ဥပမာ - အပျိုစင်ဖြစ်ခြင်း) သို့ နောက်ဆက်တွဲ လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ ဆိုင်ရာ မေးခွန်းများမေးခြင်းကို **တားမြစ်ထားသည်**။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# နိုင်ငံတကာ ပြစ်မှုများ၏ အင်္ဂါရပ်များကို သိမှတ်နားလည်ခြင်း

## လေ့ကျင့်ခန်း

သင်တို့မှာ အချက်အလက်ရှာဖွေရေး လုပ်ငန်းတာဝန်တစ်ရပ်အတွက် ပဏာမ သက်သေအထောက်အထားများကို အကဲဖြတ်နေသော မှတ်တမ်းကောက်ယူသူ တစ်ဖွဲ့ဖြစ်ပြီး သက်သေအထောက်အထားခိုင်မာမှု ပိုမိုအားကောင်း စေရန် ထပ်လောင်း သတင်း အချက်အလက်များ မည်သို့ရှာဖွေ (သို့) ကောက်ယူရန် အကြံပြုချက်များ ပေးနေခြင်း ဖြစ်သည်။ ဖြန့်ဝေပေးထားသော အချက်အလက်ဆိုင်ရာ ဖြစ်ရပ်ကို အခြေခံ၍ တစ်ဖွဲ့ချင်းစီအနေဖြင့် သက်သေအထောက်အထားမှာ မည်သို့ ကိုက်ညီမှုရှိသည်ကို ကြည့်ရှုပါ။

(၁) ရွေးချယ်ထားသော အရင်းခံပြစ်မှု၏ သီးသန့်အင်္ဂါရပ်များ

(၂) ရွေးချယ်ထားသော ပြစ်မှုအမျိုးအစား၏ ယေဘုယျ/ နောက်ခံဆက်စပ် အင်္ဂါရပ်များ နှင့်

(၃) ကျူးလွန်သူ(များ) ကို တာဝန်ခံခိုင်းရန် မည်သည့် တာဝန်ခံမှု ပုံစံမှာ အသက်ဆိုင်ဆုံးဖြစ်သည်နှင့် မည်သည့် သတင်းအချက်အလက်များ လိုအပ်သည်။




•© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈